**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၁၄၆ / ၂၀၁၉**

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၆ ရက်)

**မှတ်ပုံတင်ခြင်း၊ ရှာဖွေခြင်း၊ မိတ္တူကူးယူခြင်းဆိုင်ရာ အခကြေးငွေများသတ်မှတ်ခြင်း**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေ ပုဒ်မ ၆၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်း၊ ရှာဖွေခြင်း၊ မိတ္တူကူးယူခြင်းဆိုင်ရာ အခကြေးငွေများအား နောက်ဆက်တွဲဇယား (၁)၊ (၂) ပါ နှုန်းထားများ အတိုင်း သတ်မှတ်လိုက်သည်။

၂။ ယခုပြင်ဆင်သတ်မှတ်သည့် စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်း၊ ရှာဖွေခြင်း၊ မိတ္တူကူးယူခြင်း ဆိုင်ရာအခကြေးငွေနှုန်းထားများကို (၁-၆-၂၀၁၉)ရက်နေ့မှ စတင်၍ အသုံးပြုဆောင်ရွက်ရန် ဖြစ် ပါသည်။

ဒေါက်တာအောင်သူ
ပြည်ထောင်စုဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စာအမှတ်၊ ၁/၁၉၀(က)(၁) ( ၁၂၀၄ /၂၀၁၉)
ရက်စွဲ ၊ ၂၀၁၉ ခုနှစ်၊ မေလ ၆ ရက်

ဖြန့်ဝေခြင်း
နိုင်ငံတော်သမ္မတရုံး
သမ္မတဦးစီးရုံး
ဒုတိယသမ္မတ(၁)ဦးစီးရုံး
ဒုတိယသမ္မတ(၂)ဦးစီးရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင်<br>ထည့်သွင်းကြေညာပေးပါရန်။ |

ဤဝန်ကြီးဌာနရှိ ဦးစီးဌာနအားလုံး
နေပြည်တော်၊တိုင်းဒေသကြီး/ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူး(အားလုံး)
ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူး(အားလုံး)
မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ(အားလုံး)
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူး(အားလုံး)

အမိန့်အရ

6.5.19
( မျိုးတင့်ထွန်း )
ဒုတိယအမြဲတမ်းအတွင်းဝန်

# စာချုပ်စာတမ်းများ မှတ်ပုံတင်ပေးခြင်းလုပ်ငန်းအတွက် ပေးဆောင်ရမည့် အခကြေး ငွေနှုန်းထားများစာရင်း

၁။ စာချုပ်စာတမ်းများ မှတ်ပုံတင်ပေးခြင်းအတွက် ပေးဆောင်ရမည့် မှတ်ပုံတင်ခကို ဇယား(၁) တွင် ဖော်ပြပါရှိသော နှုန်းထားများနှင့်အညီ ပေးဆောင်ရမည်။

ဇယား(၁)။ စာချုပ်စာတမ်းကို မှတ်ပုံတင်ပေးခြင်းအတွက် ပေးဆောင်ရမည့် မှတ်ပုံတင်ခ နှုန်းထား စာရင်း

| စဉ် | စာချုပ်စာတမ်းအမျိုးအစား | ပေးဆောင်ရမည့် မှတ်ပုံတင်ခ | မှတ်ချက် |
|---|---|---|---|
| ၁ | ပစ္စည်းလွှဲပြောင်းခြင်းစာချုပ် | တန်ဖိုး၏ ၀.၅ ရာခိုင်နှုန်း | |
| ၂ | ပေးကမ်းခြင်းစာချုပ် | တန်ဖိုး၏ ၀.၅ ရာခိုင်နှုန်း | |
| ၃ | အငှားစာချုပ် | | |
| | (က) ငှားရမ်းကာလသည် တစ်နှစ်ထက် မပိုလျှင် | ငှားရမ်းခစုစုပေါင်း၏ ၀.၅ ရာခိုင်နှုန်း | |
| | (ခ) ငှားရမ်းကာလသည် တစ်နှစ်နှင့် အထက် ဖြစ်လျှင် | တစ်နှစ် ပျမ်းမျှ ငှားရမ်းခ၏ - ၀.၅ ရာခိုင်နှုန်း | |
| ၄ | ပစ္စည်း လဲလှယ်ခြင်းစာချုပ်စာတမ်း | တန်ဖိုး၏ ၀.၅ ရာခိုင်နှုန်း (လဲလှယ်သည့်ပစ္စည်းများအနက် အမြင့်ဆုံးတန်ဖိုးအပေါ်တွက်ချက် ကောက်ခံ ရမည်။) | |
| ၅ | အပေါင်စာချုပ် | တန်ဖိုး၏ ၀.၅ ရာခိုင်နှုန်း | |
| ၆ | အပေါင်ဖျက် စာချုပ် | တန်ဖိုး၏ ၀.၅ရာခိုင်နှုန်း (အများဆုံး၅၀,၀၀၀ကျပ်ထက်မပိုစေရ) | |
| ၇ | စွန့်လွှတ်စာချုပ် | | |
| | (က) တန်ဖိုးပါရှိလျှင် | တန်ဖိုး၏ ၀.၅ ရာခိုင်နှုန်း | |
| | (ခ) တန်ဖိုး မပါရှိလျှင် | ၁၅,၀၀၀ ကျပ် | |
| ၈ | ပစ္စည်းခွဲဝေစာချုပ် | တန်ဖိုး၏ ၀.၅ ရာခိုင်နှုန်း | |
| ၉ | ပစ္စည်းစီမံခန့်ခွဲမှုစာချုပ်စာတမ်း (လက်ဖွဲ့စာချုပ်၊ မိသားစုစီမံခန့်ခွဲမှုစာချုပ်) | တန်ဖိုး၏ ၀.၅ ရာခိုင်နှုန်း | |
| ၁၀ | အစုစပ်လုပ်ငန်းစာချုပ် | တန်ဖိုး၏ ၀.၅ ရာခိုင်နှုန်း | |
| ၁၁ | အစုစပ်ဖျက်သိမ်းခြင်းစာချုပ် | | |
| | (က) တန်ဖိုးပါရှိလျှင်- | တန်ဖိုး၏ ၀.၅ရာခိုင်နှုန်း | |
| | (ခ) တန်ဖိုး မပါရှိလျှင် | ၁၅,၀၀၀ ကျပ် | |
| ၁၂ | ယုံမှတ်အပ်နှံသည့်စာချုပ် | | |
| | (က) တန်ဖိုးပါရှိလျှင် | တန်ဖိုး၏၀.၅ရာခိုင်နှုန်း | |
| | (ခ) တန်ဖိုးမပါရှိလျှင် | ၁၅,၀၀၀ ကျပ် | |

| စဉ် | စာချုပ်စာတမ်းအမျိုးအစား | ပေးဆောင်ရမည့် မှတ်ပုံတင်ခ | မှတ်ချက် |
|---|---|---|---|
| ၁၃ | သဘောတူစာချုပ် (သို့မဟုတ်) သဘောတူညီချက်မှတ်တမ်း | တန်ဖိုး၏ ၀.၅ ရာခိုင်နှုန်း | |
| ၁၄ | ခံဝန်ချုပ် | တန်ဖိုး၏ ၀.၅ ရာခိုင်နှုန်း | |
| ၁၅ | အာမခံစာချုပ် | | |
| | (က) တန်ဖိုးပါရှိလျှင် | တန်ဖိုး၏ ၀.၅ ရာခိုင်နှုန်း | |
| | (ခ) တန်ဖိုးမပါရှိလျှင် | ၁၅,၀၀၀ ကျပ် | |
| ၁၆ | ကွာရှင်းစာချုပ် | | |
| | (က) ပစ္စည်းခွဲဝေမှုပါရှိပြီး တန်ဖိုးပါရှိလျှင် | တန်ဖိုး၏ ၀.၅ ရာခိုင်နှုန်း | |
| | (ခ) တန်ဖိုးမပါရှိလျှင် | ၁၅,၀၀၀ ကျပ် | |
| | (ဂ) ပစ္စည်းခွဲဝေခြင်း မပါရှိလျှင် | ၃၀၀၀ ကျပ် | |
| ၁၇ | ကုမ္ပဏီ၏ သင်းဖွဲ့စည်းမျဉ်းများ | တန်ဖိုး၏ ၀.၅ ရာခိုင်နှုန်း | |
| ၁၈ | ကိုယ်စားလှယ်လွှဲစာများ | ၂,၀၀၀ ကျပ် | |
| ၁၉ | ကိတ္တိမသားသမီး မွေးစားခြင်းစာချုပ် | ၃,၀၀၀ ကျပ် | |
| ၂၀ | တရားရုံးအမိန့် / ဒီဂရီ | ၂,၀၀၀ ကျပ် | |
| ၂၁ | ကျမ်းကျိန်လွှာ | ၃,၀၀၀ ကျပ် | |
| ၂၂ | ကုန်အမှတ်တံဆိပ်ပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေငြာစာတမ်း | ၃,၀၀၀ ကျပ် | |
| ၂၃ | ကြေငြာစာတမ်း | ၃,၀၀၀ ကျပ် | |
| ၂၄ | ပိုင်ဆိုင်ကြောင်းကြေငြာစာချုပ် (အမွေဆက်ခံခြင်းဆိုင်ရာ) | ၃,၀၀၀ ကျပ် | |
| ၂၅ | လက်ထပ်စာချုပ် | ၃,၀၀၀ ကျပ် | |
| ၂၆ | အမှားပြင်စာချုပ် | ၃,၀၀၀ ကျပ် | |
| ၂၇ | ဖျက်သိမ်းစာချုပ် | ၃,၀၀၀ ကျပ် | |
| ၂၈ | လှူဒါန်းစာချုပ် | ၁၅,၀၀၀ ကျပ် | |
| ၂၉ | အိတ်ပိတ်သေတမ်းစာ အပ်နှံခြင်း | ၃,၀၀၀ ကျပ် | |
| ၃၀ | စာချုပ်မူရင်းခွဲ (သို့) မူရင်းမိတ္တူ | ၃,၀၀၀ ကျပ် | |
| ၃၁ | အိတ်ဖွင့်သေတမ်းစာ | ၆,၀၀၀ ကျပ် | |
| ၃၂ | စာချုပ်စာတမ်းပါ တန်ဖိုးအပေါ် တွက်ချက် ကောက်ခံရန်မလိုအပ်သည့် အခြားစာချုပ်စာတမ်းများ | ၃၀၀၀ ကျပ် | |

**မှတ်ချက်။** စာချုပ်စာတမ်းများမှတ်ပုံတင်ခြင်းအတွက် ပေးဆောင်ရမည့်မှတ်ပုံတင်ခကို စာချုပ်စာတမ်းနှင့်သက်ဆိုင်သည့် အခွင့်အရေးပိုင်ဆိုင်ခွင့်၊သို့မဟုတ် အကျိုးခံစားခွင့်၏ တန်ဖိုးကို စာချုပ်စာတမ်းပါတန်ဖိုးအဖြစ် မှတ်ယူ၍ ယင်းတန်ဖိုးအပေါ် တွက်ချက်၍ ကောက်ခံရမည်။

၂။ စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်းလုပ်ငန်းနှင့် သက်ဆိုင်သည့်ကိစ္စရပ်များအတွက် ကိစ္စရပ်တစ်ခုချင်းအလိုက် ပေးဆောင်ရမည့်အခကြေးငွေကို ဇယား(၂)ပါသတ်မှတ်နှုန်းထားများနှင့်အညီ ပေးဆောင်ရမည်။

**ဇယား(၂)။ အထွေထွေ အခကြေးငွေနှုန်းထားများ စာရင်း**

| စဉ် | ဆောင်ရွက်သည့် လုပ်ငန်း | ပေးဆောင်ရမည့် အခကြေးငွေ | မှတ်ချက် |
|---|---|---|---|
| ၁ | မှတ်ပုံတင်စာချုပ်များ ရှာဖွေခြင်း | ၁,၀၀၀ ကျပ် | |
| ၂ | စာချုပ်စာတမ်း မိတ္တူရေးကူးခြင်း | တစ်မျက်နှာလျှင် ၂၀၀၀ ကျပ် | |
| ၃ | မှတ်ပုံတင်စာအုပ်တွင် တွဲကပ်ထားသော သက်သေခံမြေပုံ၊ မြေရာဇဝင် လက်ခံများကို မိတ္တူရေးကူးခြင်း | ၃၀၀၀ ကျပ် | |
| ၄ | စာချုပ်စာတမ်းကို မှတ်ပုံတင်စာအုပ်တွင် ရေးကူးခြင်း<br>(က) စာချုပ်စာတမ်းပါ စာမျက်နှာ ၃၀ အထိ<br>(ခ) စာမျက်နှာ ၃၁ မှစ၍ နောက်ထပ်စာမျက်နှာများအတွက် | <br>တစ်မျက်နှာလျှင် ၅၀၀ ကျပ်<br>တစ်မျက်နှာလျှင် ၂၀၀ ကျပ် | |
| ၅ | မှတ်ပုံတင်စာချုပ်များကို တစ်လ ထက် ကျော်လွန်၍ ထိန်းသိမ်းခြင်း | တစ်လလျှင် ၅၀၀ ကျပ်<br>(၁၀,၀၀၀ ကျပ်ထက် မပို စေရ) | |
| ၆ | ချိတ်ပိတ်သေတမ်းစာများ ထိန်းသိမ်းခြင်း၊ ဖွင့်ပေးခြင်းနှင့် ပြန်အပ်ခြင်း | သေတမ်းစာထိန်းသိမ်းထား သည့် ကာလ<br>၁ နှစ်မှ ၃ နှစ်အထိ ၃,၀၀၀ကျပ်<br>၃ နှစ်ကျော်ပါက (၁) နှစ် တိုင်းအတွက် ၁၀၀၀ကျပ် | |
| ၇ | ချုပ်ဆိုသူ နေထိုင်ရာသို့ သွားရောက် ဆောင်ရွက်ခြင်း အတွက် အခငွေ | ၁၀,၀၀၀ ကျပ် ပေးဆောင် ရမည့်အပြင် အသွား/အပြန် ခရီးအတွက် စီစဉ်ပေးရမည် | |
| ၈ | ကော်မရှင်နာခန့်အပ်ခြင်း | ၁၀၀၀ ကျပ် | |
| ၉ | ဘာသာပြန်ချက်များ တွဲထားခြင်း | ၂၀၀၀ ကျပ် | |